# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 1, 2019 Volume 16, Number 1


**၁.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄/ကျပ် |
| CBM Rate | = ၁၅၁၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၇.၁ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၄.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၆၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၉၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၈၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၆၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၄၄ကျပ် |

## မြန်မာ့ငါးတန်ကို ပြည်ပသို့ အဓိကတင်ပို့မည့် စီမံကိန်းအဖြစ် ငါးလုပ်ငန်းအဖွဲ့ချုပ်ကဦးဆောင်ကာ Global Earth Public Co.,Ltd တည်ထောင်ပြီးလုပ်ဆောင်မည်

မြန်မာ့ငါးတန်အား ပြည်ပသို့အဓိက တင်သွင်းပြီးနိုင်ငံခြားဝင်ငွေရရှိအောင် ရည်ရွယ်သည့် စီမံကိန်းအား ငါးလုပ်ငန်းအဖွဲ့ချုပ်မှဦးဆောင်ကာ Global Earth Public Co.,Ltd တည်ထောင်ပြီး လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။ ထိုစီမံကိန်းအား ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်တွင် ဖော်ဆောင်မည်ဖြစ်ကာ လက်ရှိတွင် ငါးတန်ကောင်ရေသိန်း ၆၀ မွေးမြူလျက်ရှိပြီး မြေဧက ၁၀၀၀ ကို ငါးကန်ဆက်လက်တူးဖော်နေသည်ဟုသိရသည်။
ငါးတန်ကို ကန်ကြပ်မွေးပြီး အသားလွှာကာ ပြည်ပတင်သွင်းသည့် အလုပ်ကို လုပ်မှာဖြစ်ကြောင်း၊ ဒီစီမံကိန်းက နိုင်ငံခြားကို ၁၀၀ ရာခိုင်နှုန်း တင်ပို့မှာဖြစ်ကြောင်း၊ နိုင်ငံခြားငွေရဖို့အတွက် ရည်ရွယ်ပြီးလုပ်တာဖြစ်ကြောင်း၊ နိုင်ငံခြားဝင်ငွေနဲ့ အလုပ်အကိုင် တွေအများကြီးရမှာဖြစ်ကြောင်း ဦးဝင်းကြိုင်က ပြောကြားသည်။

အဆိုပါငါးတန်မွေးမြူမှုကို ခေတ်မီကန်ကြပ်စနစ်ဖြင့် မွေးမြူပြီးသားပေါက်စခန်း၊ မွေးမြူရေးကန်၊ အစာစက်ရုံ၊ အအေးခန်းနှင့် လုပ်သားများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများပါ ဆောက်လုပ်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်စပေါ်လာပါက Global Earth Public Co.,Ltd အနေဖြစ် အစုရှယ်ယာများ ခေါ်ဆောင်သွားမည်ဟုသိရသည်။ Global Earth Public Co.,Ltd ကို ငါးလုပ်ငန်းအဖွဲ့ချုပ်ကနေပြီးတော့ ဦးဆောင်ပြီးသွားမှာဖြစ်ကြောင်း၊ ပညာရှင်တွေနဲ့ အကုန်လုံးကို ဆွေးနွေးနေကြောင်း၊ တကယ်တမ်းအစုရှယ်ယာခေါ်ရင် အမြတ်ပေးနိုင်တဲ့ အစုဘဲဖြစ်စေချင်ကြောင်း၊ အခုလုပ်နေပြီး စက်ရုံဆောက်ရင်တောင် နောက်ထပ်အမြန်ဆုံး ရှစ်လလောက်ကြာမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်မှာတော့ ထုတ်ကုန်ထွက်မှာဖြစ်ကြောင်း၊ မျှော်မှန်းသလောက်တော့ မဖြစ်သေးကြောင်း၊ အားလုံးစုပေါင်းပြီးလုပ်တာကို အကောင်အထည်ဖော်မှာမို့လို့ ငါးလုပ်ငန်းကိုကျွမ်းကျင်သူရော၊ မကျွမ်းကျင်သူပါ ပူးပေါင်းဖို့ပြောချင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဌဒေါက်တာဒေါ်တိုးနန္ဒာတင်ကပြောကြားသည်။
အဆိုပါ Global Earth Public Co.,Ltd သည် မှတ်ပုံတင် ကျရှိပြီးသားဖြစ်ပြီး စီမံကိန်းရှိလုပ်ငန်းများကို ပန်းတနော်တွင် လုပ်ကိုင်မည် ဖြစ်ကာ ကုမ္ပဏီကြီးကြပ်ကွပ်ကဲသည့်ရုံးအား ရန်ကုန်တွင်ထားရှိမည်ဟုသိရ သည်။
လုပ်ငန်းအနေနဲ့က တကယ်လက်တွေ့ လုပ်နေတဲ့သူတွေက နားလည်တဲ့အတွက်ကြောင့် နိုင်ငံခြားလည်း အကြိမ်ကြိမ်သွားကြည့်ပြီးတော့ ဒီလုပ်ငန်းကို အောင်မြင်မယ်လို့ အကြိမ်ကြိမ်ဆုံးဖြတ်ချက်ချပြီးလုပ်တာ ဖြစ်တဲ့အတွက် အခက်အခဲမရှိပေမဲ့ ပါဝင်မှုအစုရှယ်ယာရှိတဲ့သူတွေက လုပ်ငန်းကို


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

မျက်မြင်တွေ့ဖို့လိုကြောင်း၊ ဒါကြောင့် မွေးပြမယ်။ အောင်မြင်အောင်လုပ်ပြမယ်။ လက်တွေ့ကျကျ စာရွက်ပေါ်မှာတင် စီမံကိန်းရေးပြီး ရှယ်ယာဝင်ခိုင်းတာမဟုတ်ဘဲ လုပ်ငန်းကြီးပြီးလုပ်ရင်း ပါဝင်လာမယ့်ရှယ်ယာတွေကို ဖိတ်ခေါ်မှာ ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်ကပြောကြားသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ပစ္စည်း ငါး၊ ပုစွန်၊ ကဏန်းစသည့် ငါးမျိုးစုံကို ထိုင်း၊ တရုတ်၊ ဆော်ဒီ၊ ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ ကျော်ကိုတင်ပို့လျက်ရှိနေပြီး မြန်မာ့ငါးတန်များအား တရုတ်မှဝယ်ယူရန် ကမ်းလှမ်းနေမှုများရှိသည် ဟုသိရသည်။

**Source:** https://news-eleven.com/article/77647

## ပြည်ပသို့ ဆန်တင်ပို့မှု ကျဆင်း



၂၀၁၇–၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှု စံချိန်တင်ခဲ့သော်လည်း ယခုနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှု လျော့နည်းကျဆင်းလျက်ရှိသည်။ ၂၀၁၈ ခုနှစ် (ဧပြီမှ ဒီဇင်ဘာအထိ) ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းတင်ပို့ထားပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၇၈ သန်းရရှိထားသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၏ စာရင်းများတွင်ဖော်ပြထားသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် ကာလတူတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ထားခြင်းဖြစ်ရာ ယခုနှစ်တင်ပို့မှုသည် ကာလတူထက် တန်ချိန် ရှစ်သိန်းကျော် လျော့နည်းလျက်ရှိသည်။ ဆန်တင်ပို့မှု လျော့နည်းနေမှုသည် မြန်မာနိုင်ငံက အားထားတင်ပို့ရသော တရုတ်ဈေးကွက်မှ ဝယ်လိုအားလျော့နည်းသွားခြင်းသည် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး တစ်ဖက်တွင်လည်း ကမ္ဘာ့ဆန်ဈေးကျဆင်းမှုကို ရင်ဆိုင်ခဲ့ရသည်။

'ဆန်ပို့တာက မနှစ် (၂၀၁၇–၁၈) က ပမာဏလောက်တော့ မမီလောက်ဘူး။ အဓိကဝယ်သူတွေဘက်က ဝယ်လိုအားနည်းတာကြောင့်ပါ''ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်ကပြောသည်။ မြန်မာ့ဆန်ကို နယ်စပ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခြင်းဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ကမူ တရားဝင် ဝယ်ယူခြင်းမဟုတ်ပေ။ ထို့ကြောင့် တရုတ်အာဏာပိုင်များက တရားမဝင် ကုန်သွယ်မှု ဖမ်းဆီးမှုများ ပြုလုပ်ချိန်တွင် တရုတ်ဈေးကွက်မှ ဆန်ဝယ်လိုအား လျော့ကျသွားလေ့ရှိသည်။ ပြီးခဲ့သည့်နှစ်တွင် မကြာခဏဆိုသလို တရုတ်ဘက်ခြမ်းတွင် ဆန်တင်သွင်းမှုကို ဖမ်းဆီးမှုများရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဆန်တင်ပို့မှုသည် နယ်စပ်လမ်းကြောင်းကုန်သွယ်မှုမှ ၅၂ ရာခိုင်နှုန်းရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၄၈ ရာခိုင်နှုန်းရှိသည်။ မြန်မာအနေဖြင့် ယခင်က တရုတ်နိုင်ငံဈေးကွက်သို့ နယ်စပ်လမ်းကြောင်းက တင်ပို့မှုသည် ဆန်တင်ပို့မှု၏ ၇၀–၈၀ ရာခိုင်နှုန်းခန့်ရှိခဲ့သော်လည်း ၂၀၁၇ နောက်ပိုင်းတွင် ပင်လယ်ရေကြောင်းဖြင့် အာဖရိက၊ အီးယူစသည့် ဈေးကွက်များသို့လည်း တင်ပို့မှုမြင့်တက်ခဲ့ခြင်းကြောင့် ပုံမှန်ပင်လယ်ရေကြောင်းတင်ပို့မှု ဈေးကွက်လည်း မြင့်တက်လာခဲ့သည်။

၂၀၁၇–၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော် ရရှိခဲ့သည်။ အဆိုပါပြည်ပသို့ ဆန်တင်ပို့နိုင်မှုပမာဏသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း တင်ပို့မှုအများဆုံးစံချိန်တစ်ခုလည်းဖြစ်ခဲ့သည်။ လက်ရှိတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ ဆန်တင်ပို့မှုမြင့်မားလာရေး ရည်ရွယ်ပြီး အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိသည်ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကပြောသည်။ အဓိကကတော့ ထုတ်လုပ်မှုအပိုင်း၊ အရည်အသွေးပိုင်း၊ ဈေးကွက်အသစ်အတွက် ချိတ်ဆက်မှုအပိုင်း၊ သတင်းအချက်အလက်နဲ့သုတေသနအပိုင်းတွေ ပါလာမည်လို့ ဦးအောင်စိုးက ပြောသည်။ ဥရောပသမဂ္ဂ (EU) က မြန်မာဆန်ပို့ကုန်အပေါ် အခွန်ပြန်လည်ကောက်ခံမှုကို ဇန်နဝါရီတတိယပတ်တွင် စတင်ခဲ့သည်။ မြန်မာနှင့်ကမ္ဘောဒီးယားတို့ကတင်ပို့သည့် အင်ဒီကာ (Indica) ဆန်အမျိုးအစားကို ယခင်က အခွန်အကောက် ကင်းလွတ်ခွင့်ပေးထားမှုကိုရုပ်သိမ်းခဲ့ပြီး အခွန်ပြန်လည်ကောက်ခံခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ (EU) က မြန်မာနှင့် ကမ္ဘောဒီးယားတို့က အင်ဒီကာဆန် အမျိုးအစားတင်ပို့မှု များပြားခြင်းကြောင့် ၎င်းတို့တောင်သူများ နစ်နာမှုရှိသည်ဟုယူဆသဖြင့် အခွန်ပြန်လည်ကောက်ခံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဆန်တစ်တန်

လျှင် ပထမတစ်နှစ်အတွက် ၁၇၅ ယူရို၊ ဒုတိယနှစ်အတွက် ယူရို ၁၅၀ နှင့် တတိယနှစ်အတွက် ၁၂၅ ယူရို ကောက်ခံသွားမည်ဖြစ်သည်။ မြန်မာက ဥရောပဈေးကွက်သို့ ဆန်တင်ပို့မှုအနက် အင်ဒီကာဆန်အမျိုးအစားတင်ပို့မှုသည် ၁၅-၂၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် သက်ရောက်မှုအနည်းငယ်သာရှိမည်ဟု ဆန်ကုန်သည်များက သုံးသပ်ထားသည်။

**Source:** https://myanmar.mmtimes.com/news/120062.html

## မြန်မာ့ပိုးထည်နှင့်အော်ဂဲနစ်ချည်ထည်ထုတ်လုပ်မှုအတွက် ကန်ဒေါ်လာ ၁ ဒသမ ၄ မီလီယံခန့် ရင်းနှီးမြှုပ်နှံမည်



မြန်မာနိုင်ငံ၏ပိုးထည်နှင့် အော်ဂန်းနစ် ချည်ထည်ထုတ်လုပ်မှုအတွက် Pragma Ventures Myanmarı Pure Sense Organics Ltd နှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ၏ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော Dana Facility တို့ပူးပေါင်း၍ ကန်ဒေါ်လာ ၁ ဒသမ ၄ မီလီယံဝန်းကျင်ရင်းနှီးမြှုပ်နှံမှုကို လာမည့်နှစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Dana Facility ၏ ယနေ့ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားမှသိရသည်။

DFID အနေနဲ့ မြန်မာနိုင်ငံရဲ့ချည်မျှင်နှင့်အထည်အလိပ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံအတွက် စီးပွားရေးကဏ္ဍအသစ်တစ်ရပ်မဟုတ်ပေမယ့် အခွင့်အလမ်းကောင်းတွေ အများကြီးရှိပါတယ်။ အထည်အလိပ်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်အောင် လုပ်ဆောင်ခြင်း၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်မှာပါဝင်နေတဲ့ တောင်သူများရဲ့ကျွမ်းကျင်မှုကို မြှင့်တင်ခြင်းအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းက အသေးစားအလတ်စား လုပ်ငန်းများနဲ့ အသေးစားထုတ်လုပ်သူများ ဝင်ငွေပိုမိုတိုးပွားလာအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း DFID ၏ အကြီး အကဲ Dr Gail Marzetti က ပြောကြားခဲ့သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် DaNa Facility သည် Pragma Ventures နှင့် အတူလက်တွဲ၍ စီးပွားရေးအရအောင်မြင်သော ပိုးထည်ထုတ်လုပ်ရေးလုပ်ငန်းမှ အရည်အသွေးမြင့် ပိုးထည်ကုန်အမှတ်တံဆိပ်များကို ဥရောပ၊ မြောက်အမေရိကနှင့် ဩစတြေးလျရှိ အိမ်အလှဆင်ဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းက ချင်းပြည်နယ်ရှိ လယ်သမားများနှင့် ချင်းပြည်နယ်နှင့်ရန်ကုန်ရှိ ရက်ကန်းလုပ်ကိုင်သူများအတွက် ရေရှည်ခိုင်မြဲသော အလုပ်အကိုင်များ ဖန်တီးပေးမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးသော အမျိုးသမီးများအား ဂုဏ်သိက္ခာရှိစွာ အလုပ်လုပ်ကိုင်နိုင်သော အခွင့်အလမ်းများဖန်တီးပေးမည်ဖြစ်ကြောင်း၊ Pragma Ventures စီမံကိန်းသည် ချင်းပြည်နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ အစပြု၍ ပိုးထည်ထုတ်လုပ်အချောသတ်ခြင်းအထိ ပိုမိုကောင်းမွန်အောင်ပြုလုပ်ကာ ဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် ဖော်ဆောင်ခြင်းနှင့် မြန်မာ့ပိုးထုတ်ကုန်များကို နိုင်ငံရပ်ခြားတွင်ရောင်းချခြင်းတို့မှတစ်ဆင့် နိုင်ငံအတွင်း ပိုးထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတွင် ဒေသခံပိုးထည်လက်မှုပညာရှင်နှင့် ရက်ကန်းလုပ်ကိုင်သူများ၏လုပ်ငန်းကို အထောက်အကူပြုရန် ရန်ကုန်မြို့တွင် ရက်ကန်းစတူဒီယိုတစ်ခု ဖွင့်လှစ်ခြင်းလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## တရုတ်ကုမ္ပဏီကပေးသည့် ငရုတ်မျိုးများ စိုက်ပျိုးမိသည့် ပခုက္ကူတောင်သူများ အရှုံးပေါ်

တရုတ်ကုမ္ပဏီတခုက အခမဲ့ထုတ်ဝေပေးခဲ့တဲ့ ငရုတ်မျိုးတွေ စိုက်ပျိုးမိတဲ့ ပခုက္ကူမြို့နယ်နဲ့ ညောင်ဦးမြို့နယ်က တောင်သူ ၁၀၀ ကျော်လောက်ဟာ ငရုတ်အထွက်မကောင်းပဲ အရှုံးပေါ်ပြီး အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ စွမ်းဖုန်းတာ ကုမ္ပဏီကနေ ပေးဝေခဲ့တဲ့ ငရုတ်မျိုးကိုစိုက်မိတဲ့ ငရုတ်စိုက်ခင်းတွေဟာ အပင်မဖြစ်တာ၊ အသီးသေးတာနဲ့ ဆွတ်ခူးရောင်းချမယ်ဆိုရင်လည်း အလုပ်သမားခတောင် မရနိုင်လောက်အောင် အရှုံးပေါ်ခဲ့တယ်လို့ ဒေသခံငရုတ်စိုက်တောင်သူတွေကပြောပါတယ်။

ငရုတ်စိုက်ပျိုးဖို့ တောင်သူတွေကို စည်းရုံးပြောဆိုချိန်အခါက ကုမ္ပဏီရဲ့ ဒေသတာဝန်ခံအနေနဲ့ စိုက်ပျိုးနည်းစနစ်အတွက် ပညာရှင် နှစ်ဦးထားပေးထားမယ်လို့ဆိုပေမယ့် တကယ်တော့ ရောက်မလာခဲ့ဘူးလို့လည်း တောင်သူတွေကပြောပါတယ်။

အဆိုပါ တရုတ်ကုမ္ပဏီအနေနဲ့ မြန်မာပြည်မှာ တရားဝင်မှတ်ပုံတင်ထားတာရှိပေမဲ့ ဖြန့်ဝေတဲ့မျိုးစေ့ကတော့ မြန်မာနိုင်ငံရဲ့

ခွင့်ပြုမှတ်ပုံတင်မျိုးမရှိဘူးလို့ ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကသိရပါတယ်။ ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်က ပခုက္ကူမြို့နယ် မြစ်ခြေနယ်မှာ လာလုပ်တဲ့ စွမ်းဖုန်းတာကုမ္ပဏီဆိုရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဦးစီးဌာနက တရားဝင်လိုင်စင်ချထားပေးတဲ့ကုမ္ပဏီဖြစ်ကြောင်းသိရပါတယ်။ သို့သော် သူတို့သုံးတဲ့ ဒီရေတ်မျိုးစေ့တွေဟာ ဆိုရင် စိုက်ပျိုးမွေးမြူရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန၊ မျိုးစေ့ဌာနခွဲက တရားဝင် ဖြစ်ကြောင်းထုတ်ပေးထားတဲ့ မျိုးစေ့တော့မဟုတ်ကြောင်းပြောပါတယ်။ ငရုတ်စိုက်တောင်သူတွေကတော့ ခူးဆွတ်ရင် တောင် လုပ်အားခရှုံးနိုင်တဲ့ အနေအထားကြောင့် တစကေကို ကျပ်သိန်း ၂ဝ နစ်နာကြေး တောင်းဆိုနေကြပါတယ်။ ကုမ္ပဏီဒေသတာဝန်ခံကတော့ ဒီကိစ္စတောင်သူတွေနဲ့ဆက်လက်ညှိနှိုင်းအုံးမယ်လို့ ပြောပါတယ်။

**Source:** https://www.xyznews.co/archives/27016

## တရုတ်နှစ်ကူးရက်အတွက် သစ်သီးကွင်း (၂)ရက်ပိတ်မည်ဖြစ်သဖြင့် ဖရဲကားများ ထိန်းပို့ရန်လိုဟုဆို

ယခုတစ်ပတ်အတွင်း တစ်ရုတ်နှစ်သစ်ကူးအတွက် (၅)ရက်နေ့နှင့်(၆)ရက်နေ့များကို တစ်ဖက်နိုင်ငံရှိ သစ်သီးကွင်း ပိတ်ထားမည်ဖြစ်သဖြင့် ဖရဲကားများကို ကျိန်စန်းကျော့ဂိတ်သို့ထိန်းပို့ကြရန်လိုအပ်ကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင် များကဆိုသည်။ နှစ်ကူးအပြီးမှာဈေးကကျသွားမှာဖြစ်ပြီး ပစ္စည်းစုပြုံရောက်နိုင်မှာဖြစ်တဲ့အတွက် ရက်ကိုကြည့်ပြီး ချိန်ပို့ကြဖို့ လိုကြောင်း မူဆယ်မြို့ရှိသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းဉာဏ်ကဆိုသည်။ ယခုရက်ပိုင်းတွင် ဖရဲဈေးနှုန်းက ပုံမှန်ထက် အနည်းငယ်ပိုကောင်းနေပြီး ဈေးကွက်အတွင်း အလုံးအရင်း ဝင်ရောက်လာပါက ဈေးပြုတ်ကျသွားနိုင်မည်ဟုသိရသည်။ ဖရဲဝယ်လိုအားမှာ နှစ်သစ်ကူးအတွက်လုံလောက်နေပြီဖြစ်သောကြောင့် ပြည်တွင်းကုန်သည်များအနေဖြင့် နှစ်သစ်ကူးချိန် အပြီး ဈေးကွက်ကိုထိခိုက်မှုမရှိစေရန် သစ်သီးကွင်းပိတ်ထားမည့်ရက်ကို သတိထားတင်ပို့ကြရန် လိုအပ်လျှက်ရှိနေသည်။

**Source:** https://www.facebook.com/popularnewsjournal/

## မြေပဲဆီကို GAP၊ GMP စနစ်များဖြင့်ထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရေးဆောင်ရွက်နေ

မြေပဲသီးနှံအား စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်း (GAP- Good Agriculture Practice) ၊ စီမံထုတ်ပိုးမှု အလေ့အကျင့်ကောင်း (GMP-Good Manufacturing Practice) စနစ်တို့ဖြင့် ထုတ်လုပ်ထားသည့် မြေပဲဆီကို ပြည်ပ ဈေးကွက်များသို့ တင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ သတင်းရရှိ သည်။



မန္တလေးတိုင်းအစိုးရအနေနဲ့ Food Safety Program ဆိုပြီးတော့ pioneer (စွန့်ဦး) လုပ်ထားတာတစ်ခုရှိပါတယ်။ ဒါဘာလဲဆိုလို့ရှိရင် နိုင်ငံခြား တင်ပို့ဖို့ ကျွန်တော်တို့ရဲ့ မြေပဲဆီကို GAP ၊GMP နဲ့ မြေပဲကို ထုတ်ပြီးရင် ဆီထုတ်တဲ့အချိန်မှာ alpha toxin အဆိပ်ကို သန့်စင်တဲ့ အဆင့်ရောက်အောင်လုပ်ပြီး တင်ပို့ချင်တဲ့အတွက် ဒီအစီအစဉ်ကို ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ကဆိုသည်။

ယင်းအစီအစဉ်ကို ယခု ၂၀၁၉ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး Food Safety Programအရ မတ္တရာ မြို့နယ်နှင့် ပြည်ဦးလွင်မြို့နယ်တို့၌ ဓာတုဓာတ်ကြွင်း မပါဝင်သည့် မီး ဖိုချောင်သုံး ဟင်းသီးဟင်းရွက်များကို စမ်းသပ်စိုက်ပျိုးသွားရန် စီစဉ် ဆောင်ရွက်နေကြောင်းသိရသည်။

မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်တွေမှာ ဓာတုဓာတ်ကြွင်းတွေ မပါစေလိုပါဘူး။ ခုဈေးတွေထဲမှာရောင်းနေတဲ့ ဟင်းသီး ဟင်းရွက်အချို့မှာ ဓာတုဓာတ်ကြွင်းတွေပါတော့ ကျန်းမာရေးကိုထိခိုက်တယ်။ ဒီတော့ Food Safety Program မှာလည်း ဒီဟင်းသီးဟင်းရွက်တွေကို စနစ်တကျစိုက်ပျိုးပြီးတော့ ဈေးကွက်ကိုရောက်တဲ့အချိန်မှာ စိတ်ချရတဲ့ ဟင်းသီးဟင်းရွက်တွေ ဖြစ်အောင် ဒါကိုလဲ မတ္တရာနဲ့ပြည်ဦးလွင်မှာ စမ်းသပ်စိုက်ပျိုးဖို့စီစဉ်ထားပါတယ်ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောဆိုသည်။ လက်ရှိ မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၁၀,၀၀၀ ခန့် ကျန်ရှိနေသေးခြင်းကြောင့် လယ်ယာစိုက်ပျိုးရေး

ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား ယခု ဇန်နဝါရီလ ၂၈ ရက်နေ့က နေပြည်တော်ရှိ MICC (2) တွင် ကျင်းပပြုလုပ်သည့် Invest Myanmar Summit 2019 အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/

## ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြု

ပြည်တွင်းပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုကြောင်း၊ ဗဟိုဘဏ်က ဇန်နဝါရီ ၂၉ ရက်စွဲဖြင့် အမှာစာထုတ်ပြန်သည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များသည် နိုင်ငံခြားဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ အကျိုးတူရင်းနှီးမြှုပ်နှံမှု (တစ်နည်း-ရှယ်ယာထည့်ဝင်ခွင့်) ကို လက်ခံဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်လိုပါက ဗဟိုဘဏ်သို့တင်ပြရန်လိုအပ်ကြောင်း အမှာစာတွင်ဖော်ပြထားသည်။ မတည်ရင်းနှီးငွေနှင့် နည်းပညာအားနည်းချက်ရှိနေသော ပြည်တွင်းဘဏ်လုပ်ငန်းများအတွက် ဗဟိုဘဏ်၏ ဖြေလျှော့ပေးမှုက အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်ဟု ဘဏ်လုပ်ငန်းအသိုင်းအဝိုင်းမှ ကျွမ်းကျင်သူအချို့ကသုံးသပ်သည်။

ပြည်တွင်း၌ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်ခွဲများနှင့် တန်းတူယှဉ်ပြိုင်နိုင်မည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်လာနိုင်သည်ဟု ၎င်းတို့ကခန့်မှန်းသည်။ ပြည်တွင်းဘဏ်လောကတွင် ပြိုင်ဆိုင်မှုပြင်းထန်လာပြီး ဘဏ်ဝန်ဆောင်မှု သုံးစွဲသူများအတွက် အခွင့်အလမ်းကောင်းများရလာနိုင်သည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့ကသုံးသပ်သည်။

လက်ရှိ ဗဟိုဘဏ်၏ဖြေလျှော့ပေးမှုက ပုဂ္ဂလိကဘဏ်ပိုင်ရှင်များအတွက် ပိုကောင်းသည့် အပြောင်း အလဲတစ်ခုဖြစ်သည်ဟု ဘဏ်လုပ်ငန်းအကြံပေး ဦးရဲမင်းဦးကပြောသည်။ ၂၀၁၈ ဩဂုတ် ၁ ရက်တွင် စတင်အသက်ဝင်သည့်ကုမ္ပဏီဥပဒေ၌ ခွင့်ပြုထားသော ပြည်တွင်းကုမ္ပဏီများတွင် နိုင်ငံခြားသားရှယ်ယာပါဝင်ခွင့်ကို ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကိုပါ စတင်ခွင့်ပြုခြင်းဖြစ်သည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့ကပြောသည်။

ဗဟိုဘဏ်သည် ၂၀၁၈ နိုဝင်ဘာ ၈ ရက်ကစတင်ပြီး ဘဏ်ခွဲဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်များကို ပြည်တွင်းဘဏ်လုပ်ငန်းများအားလုပ်ပိုင်ခွင့်ပြုခဲ့သည်။ ငွေကြေးအရင်းအနှီး၊ နည်းပညာပိုင်းအားနည်းသော ပြည်တွင်းပုဂ္ဂလိကဘဏ်များက စိုးရိမ်ခဲ့သည်။

သို့သော် ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိလာမည်ဆိုပါက နိုင်ငံခြားဘဏ်ခွဲများနှင့် ယှဉ်ပြိုင်လာနိုင်ခြေရှိသည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့ကပြောသည်။ ငွေကြေးလုပ်ငန်းတစ်ခုဖြစ်၍ ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင် အကျိုးတူရင်းနှီးမြှုပ်နှံခြင်းကို နိုင်ငံခြားဘဏ်များ၊ အာမခံကုမ္ပဏီများနှင့် နိုင်ငံခြားငွေကြေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုက အများဆုံးဖြစ်လာနိုင်သည်ဟု ၎င်းတို့ကဆိုသည်။ မတည်ရင်းနှီးငွေနှင့် ငွေကြေးအရင်းအနှီးများရရှိလာပြီး ပြည်တွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ယှဉ်ပြိုင်နိုင်မည့်အခြေအနေမျိုး ဖြစ်လာနိုင်သည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့က ခန့်မှန်းသည်။

**Source:** http://www.7daydaily.com/story/148930

## ရွှေဈေး စံချိန်တင်တက်ပြီး ဒေါ်လာဈေးကျ



ကမ္ဘာ့ရွှေဈေး ဆက်တိုက်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးပါ လိုက်ပါ မြင့်တက်ပြီး ဇန်နဝါရီ ၃၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းခြောက်သောင်းကျော်သို့ စံချိန်တင် မြင့်တက်ခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ရွှေဈေးစံချိန်တင်တက်လာသော်လည်း ရောင်းသူ၊ ဝယ်သူမျှခြေတစ်ခုတွင်ရှိနေသည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောကြားသည်။ ပြည်တွင်းရွှေဈေးစံချိန်တင် မြင့်တက်ရခြင်းနှင့်ပတ်သက်၍ တခြား အကြောင်းတွေကြောင့်မဟုတ်ဘဲ၊ ကမ္ဘာ့ရွှေဈေးတက်လို့ ပြည်တွင်း ဈေးလိုက်တက်သွားကြောင်း ဦးဝင်းမြင့်ကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ တတိယပတ်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၂၈၂ ဒေါ်လာ ခန့်ရှိခဲ့ပြီး၊ လကုန်ရက်တွင် ကန်ဒေါ်လာ ၁,၃၂၀ သို့ ပြန်လည်မြင့်တက်လာသည်။ ကမ္ဘာ့ရွှေဈေးသည် ၁၄ ရက်အတွင်း တစ်အောင်စလျှင် ကန် ၃၈

ဒေါ်လာခန့် မြင့်တက်လာခြင်းဖြစ်သည်။ ဇန်နဝါရီ တတိယပတ်တွင် ပြည်တွင်းအခေါက်ရွှေစျေးသည် တစ်အောင်စလျှင် ကျပ်ဆယ်သိန်းငါးသောင်း ဝန်းကျင်မှ ကျပ်တစ်သောင်းကျော် စျေးတက်လာသည်။ ပြည်တွင်းရွှေစျေး တက်သော်လည်း အမေရိကန်ဒေါ်လာတန်ဖိုး ဆက်တိုက်ပြန်လည်ကျဆင်းလာပြီး ဇန်နဝါရီ ၃၁ ရက်တွင် တစ်ဒေါ်လာ ၁,၅၇၈ ကျပ် ဝန်းကျင်တွင်ရှိနေသည်။

Source: http://www.7daydaily.com/story/148894

## Thura News Views

### Government still discussing final deal for Myitsone

The government is still discussing whether or not the controversial Myitsone Dam in Kachin State will go ahead, and if so in what form. Speaking at the Invest Myanmar Summit in Nay Pyi Taw, U Thaung Tun, Minister of Investment and Foreign Economic Relations, said that the government is currently "working hard to find a solution" to the project. In 2009, work began on the proposed USD 3.6 billion Myitsone Dam. This is one of the seven projects planned in the upper part of the Ayeyarwady River. In 2011, then-president U Thein Sein sus-pended the project for the duration of his term. The move surprised many as it was viewed as shunning Beijing, which the military government had been close to for decades. However, since the NLD government came into power, the deci-sion regarding the project has not been made. Local groups, as well as environ-mental campaigners, are against the project, China has lobbied hard for the pro-ject to re-start. Thaung Tun said the government wants to find a solution "because we [value] relations with China".

### State Counsellor highlights economic opportunities

State Counsellor Daw Aung San Suu Kyi has urged international businesses to invest in Myanmar. She promised to develop an "investment friendly environ-ment", while speaking at the first official investment conference organised by UMFCCI in close cooperation with the government. "Throughout the past 40 years, our region has experienced the greatest surge in economic growth the world has ever seen," Aung San Suu Kyi said in her speech. She highlighted the rapid growth in Southeast Asia. Also, it was added that the "global economic pendulum" had swung from the west to the east. "Indeed, we live in an era in which Asia is rising," she said. In her speech, she also highlighted some of the economic progress her government has made. Key changes include new laws aimed at attracting foreign investment, changes to the Myanmar Investment Commission (MIC), and liberalization of certain sectors, in particular retail and wholesale trading and education. Myanmar's economy has failed to capitalize on the huge progress the country showed just a few years ago. Many foreign investors are expressing concern about a lack of rigid government policy, as well as reputation concerns regarding the crackdown in Rakhine State during late 2017.

### Chin businesses request tax exemption for investors

Business owners in Chin State have requested the government to exempt tax for 7-10 years for domestic and foreign investors. According to an article in Myan-mar Business Today, U Khaw Lelian, president of the Chin State of Commerce and Industry, also urged the government to

establish industrial zones in the state in order to create jobs for local people. Chin State is one of Myanmar's least developed states, with few job pro-spects for local people. Many people from Chin State have been forced to move abroad in search of work. The Chin State government is planning to build three hydropower projects in the state. The projects include a 360 MW project in Tonzan Township, a 600 MW plant on the Laymyo River, and a 90 MW dam on the Kalartan River. Work is also un-derway to construct the state's first airport, at Falam, with operations currently expected to start in 2021.

### Food investment fund launched by City Mart and Sandanila

City Mart Holdings and Sandanila Investments have announced the establishment of the City Invest Fund. The fund will invest in SME enterprise food manufacturers, according to a report. The primary motivation of the fund is to in-crease the quality and quantity of food retail products in Myanmar. "The City Invest Fund will provide financing and along with this funding we aim to provide technical assistance, capacity building, [and] marketing strategies for wider market access and training to improve production quality and standards," Daw Htet Htet Khaing, City Mart Business Development Manager was quoted as saying. Daw Win Win Tint, CEO of City Mart, and Daw Thiri Thant Mon, manag-ing partner of Sandanila will oversee the fund.

### Shuttle bus services to be launched by Grab

Southeast Asia's leading ride-hailing app Grab is planning to launch shuttle bus services, "Grabshuttle" in Yangon this year. According to an article in DealstreetAsia, the service connects offices and universities. This is part of a raft of new products being offered in Myanmar. Other new projects include GrabCall and Grab Web Booking, which are a call center and online portal, respectively, as well as Rent, which allows users to book a car with a specific driver. "We will continue to innovate and evolve our offerings to create a more efficient transport network and improve the experi-ences of our driver partners and passengers," Alvin Loh, acting country manager of Grab Myanmar, was quoted as saying. Grab said that it saw a 300 percent increase in overall daily bookings and rides in Yangon in 2018, compared to a year earlier. It has also launched services in Mandalay and Bagan.

### Quality education via digital platform to be launched

Zabai held an office warming party and a small seminar on quality e-learning on 29th January 2019 in their new office at Pansodan Business Tower. Core mission of the company is to provide high-quality education for young people in Myanmar. The education will be provided through e-learning, video lessons and blended learning distributed through a digital platform. The platform is specifically created for developing countries. Ivar Viktil, Managing Director of Zabai said, "Nothing can replace a good, qualified and caring teacher and we would like to make the best teachers available on the phones by providing quality content through a reliable technology platform". After the first year in office, Zabai has developed 14 courses in total, containing approximately 25 hours of training/education digital content. Zabai My-anmar currently has twelve full-time employees.

Source: Thura Swiss News (Issue 351 Jan 31, 2019)

# STOCK EXCHANGE (1.2.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 31st Jan. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 8,900 | 468 | 4,208,900 | 27,112,747 | 244,015 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 138 | 393,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 214 | 4,708,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,212,906 | 33,585 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.29 | +0.56 | +0.15% | 380.72 | 380.72 | 379.29 | 821 | 9,313,000 | 5 | 517,820 |

### Index chart





## Market Overview

As of 1:00 pm, 31st Jan. 2019

| MYANPIX | 379.29 ▲ 0.56 |
|---|---|
| Total Volume (shares) | 821 |
| Total Value (MMK) | 9 mil |
| Listed Company | 5 |
| Market Cap. (MMK) | 517,820 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |